# အကြောင်းအရာ။ ။ ဘုရားသခင်၏စီမံကိန်း၌ ခရစ်တော်နှင့် ကားတိုင်၏အလယ်ဗဟိုဖြစ်ခြင်း

ဝေငှချက် တစ်

## ခရစ်တော်နှင့် ကားတိုင် – ဘုရားသခင်၏စီမံကိန်း၌ရှိသော ပုဂ္ဂိုလ်တစ်ဦးနှင့် နည်းလမ်းတစ်ခု

ဖတ်ရန်ကျမ်း။ ။ ၁ကော၊၂း၂၊ ၁း၁၇–၁၈၊၂၃။ ဧ၊၂း၁၄–၁၆။ ဂလ၊၆း၁၄။ ကော၊၁း၁၈၊၂၀–၂၂၊ ၂း၁၄–၁၅။ယော၊၁၂း၂၄–၂၅။ ၂ကော၊ ၄း၁၀–၁၂။

### I. ဘုရားသခင်၏စီမံကိန်း၌ ကိုယ်တော်သည် ကျွန်ုပ်တို့အား ပုဂ္ဂိုလ်တစ်ပါးဖြစ်သော – ခရစ်တော်နှင့် နည်းလမ်းတစ်ခုဖြစ်သော –ကားတိုင်ကို ပေးအပ်ခဲ့ခြင်း – ၁ကော၊၂း၂။ ဖိ၊ ၂း၅–၁၁။ ဂလ၊၆း၁၄။

က။ ပုဂ္ဂိုလ်တစ်ဦးဖြစ်သော–ခရစ်တော်သည် ဘုရားသခင် စီမံကိန်း၏ အလယ်ဗဟိုဖြစ်ခြင်းနှင့် နည်းလမ်းတစ်ခုဖြစ်သော–ကားတိုင်သည် ဘုရားသခင် အုပ်စိုးခြင်း၏ အလယ်ဗဟိုဖြစ်သည် – ၁ကော၊၂း၂၊ ၁း၁၇–၁၈၊၂၃။ ဂလ၊ ၆း၁၄။

၁။ ဘုရားသခင်သည် ခပ်သိမ်းသောအရာတို့ကို ကားတိုင်အားဖြင့် အုပ်စိုး၍၊ ကားတိုင်အားဖြင့် ခပ်သိမ်းသောအရာတို့နှင့် ဆက်ဆံဖြေရှင်းခြင်း – ကော၊၁း၂၀၊ ၂း၁၄–၁၅။

၂။ ကားတိုင်အားဖြင့် ဘုရားသခင်သည် စကြဝဠာ၌ အနုတ်လက္ခဏာဆောင်သော အရာများအားလုံးကို ဆက်ဆံဖြေရှင်းခဲ့ပြီး၊ ကိုယ်တော်သည် ကားတိုင်အားဖြင့် ခပ်သိမ်းသောအရာတို့ကို အုပ်စိုးဆဲဖြစ်သည် – ဧ၊၂း၁၄–၁၆။

၃။ အသင်းတော် အသက်တာ၌ ခရစ်တော်သည် အလုံးစုံတို့၌ အလုံးစုံဖြစ်ရမည်၊ ခရစ်တော်နှင့် မသက်ဆိုင်သော အရာမှန် သမျှသည် ကားတိုင်သို့ သွားရမည် – ကော၊၁း၁၈၊ ၃း၁၀–၁၁။

၄။ ကားတိုင်အားဖြင့် ကျွန်ုပ်တို့သည် အချည်းအနှီး၊ ဘာမျှမရှိသောသူနှင့် ဘာမျှမလုပ်ဆောင်နိုင်သောသူ ဖြစ်လာရန် လိုအပ်သည်။ သို့မဟုတ်လျှင်၊ ကျွန်ုပ်တို့ဖြစ်ခြင်း၊ ကျွန်ုပ်တို့၌ရှိသောအရာနှင့် ကျွန်ုပ်တို့လုပ်ဆောင် နိုင်သောအရာများသည် ခရစ်တော်ကို အစားထိုးသောအရာ ဖြစ်လာလိမ့်မည် ဖြစ်သည် – ၁ကော၊၁း ၁၇–၁၈၊၂၃။

ခ။ ကောလောသဲ ဩဝါဒစာစောင်၌ ကျွန်ုပ်တို့သည် ဘုရားသခင်၏စီမံခန့်ခွဲခြင်းရှိ ကိုယ်တော်၏ နည်းလမ်းဖြစ်သည့် ကားတိုင်၏ရှင်းလင်းသော ရုပ်ပုံကို မြင်ရကြသည် – ၁း၂၀–၂၂၊ ၂း၁၁–၁၅။

၁။ "လက်ဝါးကပ်တိုင်မှာသွန်းသော အသွေးတော်အားဖြင့် ရန်ကိုငြိမ်းစေ၍၊ ကောင်းကင်များ၌ရှိသောအရာဖြစ်စေ၊ မြေကြီးပေါ်တွင်ရှိသောအရာဖြစ်စေ၊ ခပ်သိမ်းသောအရာတို့ကို သားတော်အားဖြင့် ကိုယ်တော်တိုင်နှင့် သင့်မြတ်စေခြင်း ငှါလည်းကောင်း အလိုရှိတော်မူ၏" – ကော၊၁း၂၀။

၂။ "ငါတို့နှင့်ဆန့်ကျင်ဘက်ဖြစ်သော ဝိနည်းအထုံးအဖွဲ့နှင့်စပ်ဆိုင်သော လက်မှတ်ကိုချေ၍၊ လက်ဝါးကပ်တိုင်မှာ ရိုက်ထားလျက် ငါတို့စပ်ကြားထဲက ပယ်ရှင်းတော်မူပြီ" – ၂း၁၄။

ဂ။ "အထွတ်အမြတ်အုပ်စိုးခြင်းများ၊ အာဏာစက်များကို လုယူလျှင်၊ ထင်ရှားစွာထုတ်ပြ၍၊ ကိုယ်တော်သည် ၎င်း၌ အောင်ပွဲကို ခံတော်မူပြီ" – ကော၊ ၂း၁၅။

၁။ ဤကျမ်းပိုဒ်သည် ခရစ်တော် လက်ဝါးကပ်တိုင်ပေါ်၌ အသေခံခဲ့စဉ်က ဖြစ်ပေါ်ခဲ့သော တိုက်ခိုက်ခြင်းကို ဖော်ပြသည်။

က။ ခရစ်တော်၊ ဘုရားသခင်နှင့် ဆိုးညစ်သော အထွတ်အမြတ်အုပ်စိုးသူများ ပါဝင်ပတ်သက်သော လှုပ်ရှားလုပ်ဆောင်ခြင်းများနှင့် တန်ခိုးအာဏာစက်တို့သည် ကားတိုင်ကို ဗဟိုပြု ဦးတည်နေသည်။ ထို့ကြောင့်၊ ကားတိုင်သည် ဘုရားသခင်၏ထာဝရ၊ အလယ်ဗဟိုနှင့် တုနှိုင်းမဲ့သော နည်းလမ်းဖြစ်လာ ခဲ့သည် – အငယ်၊ ၁၄–၁၅။

ခ။ တစ်ပြိုင်နက်တည်း၊ ဆိုးညစ်သော ကောင်းကင်တမန်နှင့် ၎င်း၏ အာဏာစက်များသည် ဘုရားသခင်နှင့် ခရစ်တော်၏ အလုပ်ကို နှောင့်ယှက်ရန် သူတို့၏ ကြိုးပမ်းလုပ်ဆောင်ခြင်းနှင့် ဘုရားသခင်နှင့် ခရစ်တော် အဆုံးသတ်ရန် တွန်းဖိခြင်း၌ အလုပ်ရှုပ်နေကြသည်။ ထို့ကြောင့်၊ စစ်ပွဲသည် ကားတိုင်၌ အစပြုခဲ့သည်။

၂။ ဘုရားသခင်သည် ကားတိုင်ပေါ်တွင် ဆိုးညစ်သော အထွတ်အမြတ်အုပ်စိုးသူများနှင့် အာဏာစက်တို့ကို ထင်ရှားစွာ ထုတ်ပြ၍၊ ကိုယ်တော်သည် သူတို့အား အရှက်ရစေရန်၊ သူတို့အပေါ်၌ အောင်ပွဲခံခဲ့သည် – ငယ်၊ ၁၅။

## II. လက်ဝါးကပ်တိုင်ပေါ် အသေခံတော်မူသော ခရစ်တော်သည် တုန္နိုင်းရာမဲ့သော အကြောင်းအရာ၊ အလယ်ဗဟို၊ ပါဝင်သောအရာနှင့် တမန်တော်၏အမှုတော်၌ရှိသော အရာဖြစ်သည် – ၁ကော၊ ၂း၂။

က။ ခရစ်တော်၏ အသေခံခြင်းသည် စကြဝဠာ၌ရှိသော ပြဿနာများအားလုံးကို အဆုံးသတ်ရန် ဘုရားသခင်၏ တန်ခိုးတော်ဖြစ်လာသည်။ ထို့ကြောင့်၊ ခရစ်တော်၏ အသေခံခြင်းသည် အနုတ်လက္ခဏာဆောင်သော အရာအားလုံးကို အဆုံးသတ်ရန်နှင့် ကိုယ်တော်၏ အကြံအစည်တော်ကို သယ်ဆောင်ရန် ဘုရားသခင်၏ တန်ခိုးတော်ဖြစ်သည် – ၁း၂၃–၂၄။

၁။ လူသားဆိုင်ရာ ပြဿနာများ ဖြေရှင်းခြင်း၏ နည်းလမ်းမှာ ညှိနှိုင်းဆွေးနွေးရန်ဖြစ်သည်၊ သို့သော်၊ ဘုရားသခင်၏ နည်းလမ်းမှာ အဆုံးသတ်ရန် ဖြစ်သည်။ လူတို့အလယ်၌ရှိသော ပြဿနာများကို ဆက်ဆံဖြေရှင်းရန် အကောင်းဆုံးသော နည်းလမ်းမှာ ထိုပြဿနာနှင့် ပါဝင်ပတ်သက်သောသူ အယောက်တိုင်း အဆုံးသတ်ရန် –ဂလ၊ ၂း၂၀၊ ညွန်း၊ ၁ကော၊ ၆း၇–၈။

၂။ ခရစ်တော်၏ကားတိုင်ပေါ် အသေခံခြင်းသည် စကြဝဠာတစ်ခုလုံးကို တိတ်ဆိတ်သွားစေပြီး၊ စကြဝဠာ၌ရှိသော အလွန်အမင်း ရှုပ်ထွေးနေသော အခြေအနေကို ရှင်းလင်းပြုပြင်ပေးခဲ့သည် – ညွန်း၊ ၂ကော၊၁၁း၂–၃။

ခ။ ကျွန်ုပ်တို့သည် ကပ်တိုင်ပေါ်တွင် အသေခံတော်မူသော ခရစ်တော်ကို တွေ့ကြုံခံစားကြသောအခါ၊ ကျွန်ုပ်တို့ဖြစ်ခြင်း အလုံးစုံ၊ ကျွန်ုပ်တို့၌ ရှိရှိသမျှသောအရာနှင့် ကျွန်ုပ်တို့ လုပ်ဆောင်နိုင်သောအရာ မှန်သမျှသည် လုံးလုံးအဆုံးသတ်ခြင်း ရှိပြီး၊ ကိုယ်တော်၏ရှင်ပြန်ထမြောက်ခြင်း အသက်သည် ကျွန်ုပ်တို့အားဖြင့် အခြားသူများအထဲသို့ ထည့်သွင်းပေးခြင်း ရှိလာနိုင်မည် – ယော၊ ၁၂း၂၄–၂၆။ ၂ကော၊ ၄း၁၀–၁၂။

ဝေငှချက် နှစ်

## အရာအားလုံး ပြည့်စုံလိုလောက်သော ခရစ်တော်

ဖတ်ရန်ကျမ်း။ ။ ဧ၊ ၁း၃၊ ၅၊၉–၁၀၊ ၂၃၊ ၂း၆၊ ၃း၁၀–၁၁၊ ၄း၁၀။ ကော၊ ၁း၁၄–၁၇။ ရော၊ ၁း ၂၀–၂၁၊ ၁၁း၃၆။ ၁ယော၊ ၃း ၂။ ယော၊၃း ၂၉–၃၀၊ ၁ ၂း ၂၄။ ၁ကော၊ ၁ ၂း၁ ၂။ တ၊ ၉း၄–၅။ လု၊ ၁၉း၁ ၂။ ဗျာ၊ ၂၁း၁–၂၊ ၅၊ ၂၂– ၂၄၊၂၂း၁။

### I. ဘုရားသခင်၏စီမံကိန်း၌ရှိသော ခရစ်တော်– ဖေက်၊ ၁း၉။

က။ ဘုရားသခင်၏ အကြံအစည်တော်သည် ခရစ်တော်၌ဖြစ်ခြင်း – ၃း၁၁။

ခ။ ခရစ်တော်သည် ဘုရားသခင် အကြံအစည်တော်၏ နယ်ပယ်အဝန်းအဝိုင်းဖြစ်သည်။

ဂ။ ခရစ်တော်သည် ဘုရားသခင် အကြံအစည်တော်၏ အလယ်ဗဟိုနှင့် ရည်ရွယ်ချက်ဖြစ်သည် – ၁း၁၀၊ ၂၂၊ ကော၊၁း၁၆–၁၇၊ ဟေဗြဲ၊ ၁း ၂။

ဃ။ ခရစ်တော်သည် ဘုရားသခင် အကြံအစည်တော်၏ နည်းလမ်းနှင့် ပြီးမြောက်ပြည့်စုံခြင်းဖြစ်သည် – ကော၊ ၁း၁၆–၁၇။

င။ ဘုရားသခင်၏ အကြံအစည်တော်သည် ခရစ်တော် သူကိုယ်တိုင်ဖြစ်ခြင်း – ကော၊ ၂း ၂

### II. ဘုရားသခင်၏ ဖန်ဆင်းခြင်း၌ရှိသော ခရစ်တော်

က။ ခပ်သိမ်းသောအရာတို့သည် ခရစ်တော်အားဖြင့် ဖန်ဆင်းခဲ့ခြင်း – ယော၊ ၁း၃။ ကော၊ ၁း၁၆။

ခ။ ခရစ်တော်သည် ဖန်ဆင်းခြင်းအပေါင်းတို့တွင် သားဦးဖြစ်တော်မူ၏ – အငယ်၊ ၁၅။

ဂ။ ခပ်သိမ်းသောအရာတို့သည် ခရစ်တော်၏ထင်ရှားခြင်းဖြစ်ရမည်အကြောင်း၊ ဘုရားသခင်သည် ခရစ်တော်အား အရာခပ်သိမ်း၏ ဖန်ဆင်းရှင်ဖြစ်စေခဲ့သည် – ရော၊ ၁း ၂၀– ၂၁။

ဃ။ ဖန်ဆင်းခံရသော လူသည် ခရစ်တော်အတိုင်း ပြုလုပ်ခဲ့ရခြင်းမှာ ခရစ်တော်ကို ကိုယ်စားပြုရန် ရည်ရွယ်ချက်အတွက် ဖြစ်သည် – က၊၁း ၂၆။ ညွှန်း၊ ၂ကော၊ ၄း၄။

င။ ဖန်ဆင်းခံသော အရာအားလုံးတို့သည် ခရစ်တော်၌ တည်ရှိသည် – ကော၊ ၁း၁၇။

စ။ နောက်ဆုံး၌၊ အရာအားလုံးသည် ခရစ်တော်အားဖြင့် အမွေခံရလိမ့်မည် ဖြစ်သည် – ရော၊ ၁၁း၁၆။

ဆ။ ခရစ်တော်သည် ဘုရားသခင်၏ ဖန်ဆင်းခြင်း၌ အရာခပ်သိမ်းဖြစ်ခြင်း။

### III. ဘုရားသခင်၏ ရွေးနှုတ်ခြင်း၌ရှိသော ခရစ်တော်

က။ ဘုရားသခင်၏ ရွေးနှုတ်ခြင်းသည် ခရစ်တော်၌၊ ခရစ်တော်အားဖြင့် ပြီးမြောက်ပြည့်စုံခဲ့သည် – ဧ၊ ၁း၃၊ ၅၊ ၂း၆။ ဖိ၊ ၃း ၂၀–၂၁။ ကော၊ ၁း၁၄။

ခ။ ဘုရားသခင်၏ ရွေးနှုတ်ခြင်းသည် ခရစ်တော်အတွက်ဖြစ်သည်၊ သို့ဖြစ်၍ ခရစ်တော်သည် ခပ်သိမ်းသောအပေါင်းတို့ကို ဖြည့်ပေးလိမ့်မည် ဖြစ်သည် – ဧ၊ ၄း၁၀။

ဂ။ ဘုရားသခင်၏ ရွေးနှုတ်ခြင်းသည် ခရစ်တော်နှင့်ဆက်စပ်၍၊ သူ၏ ရွေးနှုတ်ခြင်းသည် တစ်ခုတည်းသော ရွေးနုတ်ခြင်း ဖြစ်သည် ယော၊ ၁း၁၄။ ဟေဗြဲ၊ ၂း၉။ဧ၊ ၂း၆။ ၁ယော၊ ၃း ၂။ ဖိ၊ ၃း ၂၀–၂၂။

ဃ။ ဘုရားသခင်၏ ရွေးနှုတ်ခြင်း၌ ခရစ်တော်သည် သေသောသူတို့တွင် သားဦးဖြစ်ခြင်း – ကော၊ ၁း၁၈။

င။ ဘုရားသခင်၏ ရွေးနှုတ်ခြင်း၌ ခရစ်တော်သည် အရာခပ်သိမ်းဖြစ်သည်။

### IV. အသင်းတော်၌ရှိသော ခရစ်တော်

က။ ဘုရားသခင်သည် ခရစ်တော်၌ ရှိထားသော ထာဝရ ရည်ရွယ်ချက်နှင့် အကြံအစည်တော်အတိုင်း အသင်းတော်ကို ထုတ်လုပ် ခဲ့သည် – ဧ၊ ၃း၁၀– ၁၁။

ခ။ အသင်းတော်သည် ခရစ်တော်၌ ခေါ်ဆောင်ခံခဲ့ရခြင်းမှာ ခရစ်တော်နှင့် တစ်လုံးတစ်ဝတည်းရှိရန် ဖြစ်သည် – ၁ပေ၊ ၁း၃။ ညွှန်း– က၊ ၂း ၂၂ –၂၄။

ဂ။ အသင်းတော်သည် ခရစ်တော်၏ ကိုယ်ခန္ဓာတော်၊ ခရစ်တော် သူကိုယ်တိုင်၏ဖြစ်ခြင်း၊ စုပေါင်းထားသော ခရစ်တော်

ဖြစ်သည်  – ဧ၊ ၁း ၂၃။ ၁ကော၊ ၁၂း၁၂။

ဃ။ အသင်းတော်သည် အလုံးစုံတို့ကို အလုံးစုံတို့၌ ပြည့်စုံစေတော်မူသောသူ၏ ပြည့်ဝပြည့်စုံခြင်းဖြစ်သည် – ဧ၊ ၁း ၂၃။

င။ အသင်းတော်သည် ခရစ်တော်၏တိုးပွားခြင်းနှင့် ပျံ့နှံ့ခြင်းဖြစ်သည်  – ယော၊ ၃း ၂၉– ၃၀။

စ။ အသင်းတော်သည် စကြဝဠာဆိုင်ရာ၊ ကြီးမားသော “ ငါ ” ဖြစ်သည် – တ၊ ၉း၄–၅။

ဆ။ အသင်းတော်သည် ခရစ်တော်ဖြစ်သည်။

V. **နိုင်ငံတော်နှင့် ထာဝရကာလတိုင် တည်နေသော ခရစ်တော်**

က။ နိုင်ငံတော်သည် ခရစ်တော်အဖို့ ဘုရားသခင်အားဖြင့် ကြိုတင်ခွဲခန့်မှတ်သားထားခြင်း – ဆာ၊ ၁၁၀း ၁။ ဟေရှာ၊ ၉း၆–၇။ ယေရမိ၊ ၂၃း၅။ ဒံ၊ ၇း၁၃–၁၄။ မိက္ခာ၊ ၅း ၂။

ခ။ စာတန်သည် နိုင်ငံတော်ကို ဖျက်ဆီးရန် ဖြားယောင်းသွေးဆောင်ခြင်း။

ဂ။ ခရစ်တော်သည် ရွေးနှုတ်ခြင်းအမှုကို ပြီးမြောက်ခဲ့ပြီး၊ ခမည်းတော်ထံသို့ တက်ကြွကာ၊ ခမည်းတော်ထံမှ နိုင်ငံတော်ကို လက်ခံယူခဲ့သည် – လု၊ ၁၉း၁၂။ ဒံ၊ ၇း၁၃–၁၄။ တ၊ ၂း၃၄–၃၅။

ဃ။ ခရစ်တော်သည် ဘုရားသခင်ထံမှ နိုင်ငံတော်ကို ယူဆောင်လာခဲ့ခြင်း – လု၊ ၁၉း၁၂။ ဗျာ၊ ၁၉း၁၁–၁၆၊ ၁၂း၁၀။

င။ နိုင်ငံတော်သည် ခရစ်တော်၏ အုပ်စိုးခြင်းနှင့် ဘုန်းတော်ကို ထင်ရှားလာခြင်း – ဒံ၊ ၇း၁၄။

စ။ နိုင်ငံတော်သည် ခရစ်တော်အဖို့ ထာဝရကာလတိုင် ကြိုဆိုလျက်ရှိသည် – ၁ကော၊ ၁၅း၂၄။

ဆ။ ဘုရားသခင်၏ အလိုဆန္ဒသည် ခပ်သိမ်းသောအရာတို့ အသစ်ပြုပြင်ခြင်းရှိရာ ထာဝရကာလ၌ လုံးလုံးပြီးမြောက်ပြည့်စုံလိမ့်မည် ဖြစ်သည် – ဗျာ၊ ၂၁း ၁–၂၊ ၅။

ဇ။ ထာဝရကာလ၌ ခရစ်တော်၌ရှိသော သုံးပါးတစ်ပါးဘုရားသည် ရွေးနှုတ်ခံလူများနှင့်အတူ ပြည့်ဝစွာ ရောနှောပေါင်းစည်းခြင်း ရှိလိမ့်မည် ဖြစ်သည် – ဗျာ၊ ၂၁း၃၊ ၁၂၊ ၁၄။

ဈ။ ထာဝရကာလ၌ ဘုရားသခင်နှင့် ခရစ်တော်သည် အလယ်ဗဟိုဖြစ်ခြင်း – ၂၂း၁၊ ၂၁း၂၂–၂၄။

## အကြောင်းအရာ။ ။ ဘုရားသခင်၏စီမံကိန်း၌ ခရစ်တော်နှင့် ကားတိုင်၏ အလယ်ဗဟိုဖြစ်ခြင်း

ဝေငှချက် သုံး

# ခရစ်တော်၏ကိန်းဝပ်ခြင်း

ဖတ်ရန်ကျမ်း။ ။ ယော၊ ၁း၁၂–၁၃၊ ၃း၁၅။ ရော၊ ၈း၁၀။ ၂ကော၊ ၁၃း၅။ ကော၊ ၁း၂၇။ ယော၊ ၁၄း၁၆–၁၈၊ ၂၀။ ၁ကော၊ ၁၅း၄၅ခ။ ဖိ၊ ၄း၁၂။ ၂ကော၊ ၄း၇။ ၁ကော၊ ၆း၁၇။ ဧ၊ ၃း၁၇က။

I. **ခရစ်တော်၌ ကျွန်ုပ်တို့ ယုံကြည်ခြင်း၏အဖိုးထိုက်ဆုံးသော ရလဒ်မှာ ကျွန်ုပ်တို့အထဲသို့ ကိုယ်တော်ကို လက်ခံရရှိ ခြင်းဖြစ်သည်။**

က။ ဤသည်မှာ စင်ကြယ်၍ အရောအနှောမရှိသော နက်နဲသော သမ္မာတရားဖြစ်သော်လည်း၊ များစွာသော ခရစ်ယာန်များက လစ်လျူရှုထားကြသည်။

ခ။ ခရစ်တော်သည် ကောင်းကင်သို့တက်ကြွသွားခဲ့သည်၊ သို့သော်လည်း အရာအားလုံးပါဝင်သော ကိုယ်တော်သည် ကျွန်ုပ်တို့အထဲ၌လည်း ကိန်းဝပ်နေသည် – ၃း၁၊ ၁း၂၇။ ရော၊ ၈း၁၀။

II. **ရှင်ပြန်ထမြောက်ခြင်း၌ ခရစ်တော်သည် အသက်ပေးသော ဝိညာဉ်တော်အဖြစ် ယုံကြည်သူများအထဲသို့ ကိန်းဝပ်နေသည် – ယော၊ ၁၄း၁၆–၁၈၊ ၂၀၊ ၁ကော၊ ၁၅း၄၅ခ။**

က။ ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းသည် ယုံကြည်သူများအထဲသို့ဝင်ရောက်ရန်အလို့ငှါ အသက်ပေးသော ဝိညာဉ်တော် အထဲသို့ အဆင်းသဏ္ဍာန်ပြောင်းလဲသွားခြင်း ဖြစ်သည် – ၂ကော၊ ၁၃း၅။ယော၊ ၁၄း၇။

ခ။ ကျွန်ုပ်တို့၏ အတွင်း၌ရှိသော အခြားသောနှစ်သိမ့်ပေးသူ၊ စစ်မှန်ခြင်း၏ ဝိညာဉ်တော်ဖြစ်သော ကိန်းဝပ်နေသော ခရစ် တော်သည် ကျွန်ုပ်တို့၏ အသက်၊ ကျွန်ုပ်တို့၏ မစထောက်ပံ့ရာနှင့် ကျွန်ုပ်တို့၏ ပုဂ္ဂိုလ် ဖြစ်သည် – ကော၊ ၃း၄။ ဧ၊ ၃း၁၇။

III. **ကိန်းဝပ်နေသော ခရစ်တော်သည် ခရစ်ယာန် အသက်တာ၏လျှို့ဝှက်ချက်ဖြစ်ခြင်း – ကော၊ ၁း၂၇။ ဖိ၊ ၄း၁၂။**

က။ ခရစ်တော်၏ ကယ်တင်ခြင်းကို မွေ့လျော်ဝမ်းမြောက်ရခြင်း၌ ပို၍အရေးပါသော အချက်မှာ ကိန်းဝပ်နေသော ခရစ်တော် ဖြစ်သည် – ၂ကော၊ ၁၃း၅။ ဖိ၊ ၁း၁၉၊ ၂း၁၂–၁၃။

ခ။ ခရစ်တော်သည် ကျွန်ုပ်တို့အဖို့ အတွင်းပိုင်းကျ၍၊ ကိုယ်တော်သည် ကျွန်ုပ်၏ အနီးအပါး၌ရှိရုံသာမက၊ ကျွန်ုပ်တို့ ဖြစ်ခြင်း၏ နက်နဲရာ၊ ကျွန်ုပ်တို့၏ အတွင်း၌လည်း ကိန်းဝပ်နေသည်။

ဂ။ ကျွန်ုပ်တို့၌ရှိသော ခရစ်တော်သည် သမ္မာကျမ်းစာ၏ စိတ်နှလုံးနှင့် ကျွန်ုပ်တို့ဖြစ်ခြင်း၏ စိတ်နှလုံးဖြစ်သည် – ဧ၊ ၃း၁၇က။

IV. **ကိန်းဝပ်နေသော ခရစ်တော်သည် မြေအိုးများ၌ ထည့်ထားလျက်ရှိသော ဘဏ္ဍာပင်ဖြစ်သည် – ၂ကော၊ ၄း၇။**

က။ ကျွန်ုပ်တို့၏ စိတ်နှလုံးထဲ၌ ဘုရားသခင်၏ အလင်းထွန်းလင်းခြင်းသည် ကျွန်ုပ်တို့၏ အသက်နှင့် အရာခပ်သိမ်းဖြစ်လာရန် သုံးပါးတစ်ပါးဘုရား၏ ကိုယ်ထင်ရှားခြင်းဖြစ်သော၊ ကိန်းဝပ်နေသော ခရစ်တော်၏ ဘုန်းတော် တည်းဟူသော ဘဏ္ဍာတော်ကို ကျွန်ုပ်တို့အထဲသို့ ခေါ် ဆောင်ပေးခဲ့သည် – အငယ်၊ ၆။

ခ။ ဤဘဏ္ဍာတော်၊ ကိန်းဝပ်နေသောခရစ်တော်သည် ခရစ်ယာန် အသက်တာအတွက် ဘုရားဆိုင်ရာ မစထောက်ပံ့ခြင်း၏ အရင်းအမြစ်ဖြစ်သည် – အငယ်၊ ၇။

ဂ။ အကယ်၍ ကျွန်ုပ်တို့သည် သခင်ဘုရား၏ မျက်မှောက်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်းနှင့် သခင်ဘုရား၏ မျက်နှာတော်ကိုကြည့်ရှုခြင်းအားဖြင့် ကျွန်ုပ်တို့၏ ပုဂ္ဂိုလ်တော်ဖြစ်သော ခရစ်တော်ကို ယူဆောင်ရန် သင်ယူမည်ဆိုပါက၊ ကျွန်ုပ်တို့သည် ကိန်းဝပ်နေသော ခရစ်တော်၏ ဖိုးထိုက်ခြင်း၍ ချိုမြိန်သော အာရုံခံစားမှုကို တွေ့ကြုံခံစားရလိမ့်မည် ဖြစ်သည် – ၂း၁၀၊ ၃း၁၈၊ ၄း၆–၇။

V. **ကျွန်ုပ်တို့သည် ကောင်းကင်များ၌ စိုးစံလျက်ရှိသော ခရစ်တော်ကို ကိုးကွယ်နေကြသည်၊ သို့သော်လည်း ကျွန်ုပ်တို့သည် မိမိတို့၏ဝိညာဉ်၌ ကိန်းဝပ်နေသော ခရစ်တော်ကို တွေ့ကြုံခံစား၊ မွေ့လျော်ဝမ်းမြောက်ခြင်းနှင့် ပါဝင်ဆက်ဆံခြင်း ရှိကြသည်။ ကျွန်ုပ်တို့သည် အတွင်းပိုင်းဆိုင်ရာ နည်းလမ်းတိုင်း၌ ကိုယ်တော်နှင့် တစ်လုံးတစ်ဝဖြစ်ရကြသည် – ကော၊ ၃း၁၊ ၁း၂၇။ ၁ကော၊ ၆း၁၇။**

က။ ကျွန်ုပ်တို့၏ ဝိညာဉ်အထဲ၌ ကိန်းဝပ်နေသော၊ ခရစ်တော်သည် ကျွန်ုပ်တို့၏ ဘုန်းမျှော်လင့်ရာ ဖြစ်ပြီး၊ ကိန်းဝပ်နေသော ခရစ်တော်သည် ကျွန်ုပ်တို့၏ ဖြစ်ခြင်းတစ်ခုလုံးသို့ ပျော်ဝင်ပြည့်ဝလာလိမ့်မည် ဖြစ်သည်။ သို့မှသာ ကျွန်ုပ်တို့၏ ရုပ်ပိုင်း ခန္ဓာကိုယ်သည်

ကိုယ်တော်၏ ဘုန်းတော်နှင့်ပြည့်စုံသော ခန္ဓာနည်းတူ အဆင်းသဏ္ဍာန်ပြောင်းလဲခြင်းနှင့် သဏ္ဍာန်တူညီလာ နိုင်မည်ဖြစ်သည် – ကော၊၃း၄။ ဖိ၊၃း ၂၁။

ခ။ ကျွန်ုပ်တို့၌ ကိန်းဝပ်နေသော ခရစ်တော်သည် သေးငယ်၍ ကန့်သတ်ခံရသော ခရစ်တော် မဟုတ်ပါ၊ သို့သော် အရာအားလုံး ပါဝင်သော၊ ကြီးမားကျယ်ပြန့်သော၊ သာလွန်ထူးကဲသော ခရစ်တော်ဖြစ်သည် – ကော၊ ၁း၁၅–၁၆။၁၇–၁၉။

ဂ။ ကျွန်ုပ်တို့၏ အတွေ့အကြုံ၌ ကိုယ်တော်သည် ကျွန်ုပ်တို့ထံ အရာခပ်သိမ်းဖြစ်လာသည့်တိုင်၊ ကျွန်ုပ်တို့သည် အရာအားလုံးပါ ဝင်သော၊ ကြီးမားကျယ်ပြန့်သော၊ သာလွန်ထူးမြတ်သော ခရစ်တော်နှင့် ဖြည့်ခြင်း၊ ပြည့်ဝခြင်းနှင့် စိမ့်ဝင် ပျံ့နှံ့ခြင်းရှိရန် လိုအပ်သည် – ၂း၁၆–၁၇။ ၃း၄၊ ၁၀–၁၁။

ဃ။ ကိန်းဝပ်နေသော ခရစ်တော်သည် ကျွန်ုပ်တို့၏ အသက်ဖြစ်သည်။ စကြဝဠာဆိုင်ရာအရ၊ ခရစ်တော်သည် ကြီးမားကျယ်ပြန့် သော်လည်း၊ ကျွန်ုပ်တို့၏ အတွေ့အကြုံ၌ ကိုယ်တော်သည် ကျွန်ုပ်တို့၏ အသက်၊ ကျွန်ုပ်တို့၏ ဖြစ်ခြင်း ဖြစ်သည် – ၄ယ်၊ ၄။

င။ ကျွန်ုပ်တို့သည် ကိန်းဝပ်နေသော ခရစ်တော်၏ ငြိမ်သက်ခြင်းကို ကျွန်ုပ်တို့၏ စိတ်နှလုံးများ၌ ဖျန်ဖြေပေးရန် အခွင့်ပေးခြင်း လိုအပ်သည်။ ခရစ်တော် ငြိမ်သက်ခြင်း၏ ဖျန်ဖြေပေးခြင်းမှာ ခရစ်တော်သည် ကျွန်ုပ်တို့အပေါ် သူ၏ အခွင့်အာဏာကိုလေ့ကျင့်ရန်၊ နောက်ဆုံးသော နှုတ်ကပတ်တော်ကို ပြောရန်နှင့် နောက်ဆုံးသော ဆုံးဖြတ်ချက်ချရန် ကျွန်ုပ်တို့၏ အတွင်း၌ အလုပ်လုပ်ခြင်း ဖြစ်သည် – ၄ယ်၊ ၁၅။

စ။ ကျွန်ုပ်တို့သည် ကိန်းဝပ်တော်မူသော ခရစ်တော်၏ နှုတ်ကပတ်တော်အား ကျွန်ုပ်တို့၌ ကြွယ်ဝစွာတည်ရန် အခွင့်ပေးခြင်း ရှိရန် လိုအပ်သည်၊ သို့မှသာ ကိုယ်တော်သည် သူ၏ ဦးခေါင်းအရိုက်အရာ လေ့ကျင့်နိုင်ပြီး၊ သူ၏ ကြွယ်ဝခြင်းများအား ကျွန်ုပ်တို့ထံ အမှုဆောင်နိုင်မည် ဖြစ်သည် – ၄ယ်၊ ၁၇။ ၁း၁၈။ ၂း၁၉။

## VI. ပေါလုက ကျွန်ုပ်တို့၏ အတွင်းလူအထဲသို့ ခွန်အားနှင့်ခိုင်ခံ့မြဲမြံစေခြင်းငှာ ဆုတောင်းခဲ့သည်။ သို့မှသာ ခရစ်တော်သည် ကျွန်ုပ်တို့၏ စိတ်နှလုံးထဲ၌ အိမ်တော်ဆောက်လုပ်နိုင်မည် ဖြစ်သည် – ဧ၊ ၃း၁၇က။

က။ ကျွန်ုပ်တို့၏ စိတ်နှလုံးသည် ကျွန်ုပ်တို့၏ အတွင်း အစိတ်အပိုင်းများ လုံးလုံးဖြစ်၍၊ ကျွန်ုပ်တို့ဖြစ်ခြင်း၏ အလယ်ဗဟိုနှင့် လိုအင်ဆန္ဒ၊ ခင်တွယ်မှု၊ သာယာကြည်နူးခြင်းနှင့် အလိုဆန္ဒတို့နှင့် သက်ဆိုင်သော ကျွန်ုပ်တို့၏ ကိုယ်စားပြု ဖြစ်သည်။ ထို့ကြောင့်၊ ခရစ်တော်သည် ကျွန်ုပ်တို့၏ စိတ်နှလုံးထဲ၌ သူ၏ အိမ်တော် ဆောက်လုပ်သောအခါ၊ ကိုယ်တော်သည် ကျွန်ုပ်တို့၏ အတွင်းပိုင်းဖြစ်ခြင်း တစ်ခုလုံးကို ထိန်းချုပ်ကာ၊ အတွင်းအစိတ်အပိုင်းတိုင်း၌ သူကိုယ်တော်တိုင်ဖြင့် မစထောက်ပံ့ ခြင်း၊ ခွန်အားနှင့်မြဲမြံခိုင်ခံ့စေခဲ့သည်။

ခ။ ခရစ်တော်သည် ကျွန်ုပ်တို့အထဲ၌ ပို၍ပျံ့နှံ့လေလေ၊ ကိုယ်တော်သည် ကျွန်ုပ်တို့၌ ပို၍ အသက်ရှင်ခြင်းရှိ၍၊ အိမ်တော် တည်ဆောက် လေလေဖြစ်ပြီး၊ ကျွန်ုပ်တို့၏ အတွင်းအစိတ်အပိုင်းတိုင်း၌ သိမ်းပိုက်၍၊ ဤအစိတ်အပိုင်းတိုင်းကို ပိုင်ဆိုင်ရယူကာ၊ သူတို့အား သူကိုယ်တော်တိုင်နှင့် ပျော်ဝင်ပြည့်ဝစေသည်။

ဂ။ ကျွန်ုပ်တို့၏ စိတ်နှလုံးများ၌ အိမ်တော်ဆောက်လုပ်နေထိုင်ခဲ့သော ခရစ်တော်သည် ကျွန်ုပ်တို့ ဖြစ်လာပြီး၊ ကျွန်ုပ်တို့အား ခရစ်တော်ဖြစ်စေသည် – အငယ်၊ ၁၇က။ ဂလ၊၄း၁၉။ဖိ၊ ၁း ၂၁က။

ဃ။ ခရစ်တော်သည် ကျွန်ုပ်တို့၏ စိတ်နှလုံးများအထဲသို့ ပျံ့နှံ့လာသောအခါ၊ ကိုယ်တော်သည် ကျွန်ုပ်တို့၏ ပုဂ္ဂိုလ်တော်ဖြစ်လာ ခဲ့သည်။ ခရစ်တော်သည် ကျွန်ုပ်တို့၏ ပုဂ္ဂိုလ်တော်ဖြစ်လာစေရန် တစ်ခုတည်းသော နည်းလမ်းမှာ ကိုယ်တော်သည် ကျွန်ုပ်တို့၏ စိတ်နှလုံးများ၌ သူ၏ အိမ်ဆောက်လုပ်နေထိုင်ရန် ဖြစ်သည် – ဧ၊ ၃း၁၇က။

င။ ကျွန်ုပ်တို့၏ စိတ်နှလုံးများ၌ အိမ်ဆောက်လုပ်နေထိုင်သော ခရစ်တော်သည် အကန့်အသတ်မရှိသော၊ အတိုင်းအဆ မရှိသော ခရစ်တော် ဖြစ်သည် – အငယ်၊ ၁၈။

စ။ ခရစ်တော်သည် ကျွန်ုပ်တို့၏ စိတ်နှလုံးများ၌ အိမ်တော်ဆောက်လုပ်နေထိုင်သောအခါ၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ကြွယ်ဝပြည့်စုံခြင်းတိုင် ဖြည့်ခြင်းခံရလိမ့်မည် ဖြစ်သည်၊ ဘုရားသခင်၏ ကြွယ်ဝပြည့်စုံခြင်းသည် သုံးပါးတစ်ပါးဘုရား၏ အဆုံးစွန်သော ထင်ရှားခြင်း၊ သုံးပါးတစ်ပါးဘုရား၏ စုပေါင်းထင်ရှားခြင်း၏ အဆုံးစွန်သော ပြီးမြောက်ပြည့်စုံခြင်းတည်း ဟူသော ခရစ်တော်၏ ကိုယ်ခန္ဓာတော် ဖြစ်သည် – အငယ်၊ ၁၉။

ဆ။ စစ်မှန်သော အသင်းတော် အသက်တာမှာ အကန့်အသတ်မရှိသော၊ အတိုင်းအဆမရှိသော ခရစ်တော်သည် ကျွန်ုပ်တို့ ၏ စိတ်နှလုံးများ၌ တစ်ဦးချင်းဆိုင်ရာ ကိုယ်တော်၏ အိမ်တော်ဆောက်လုပ်ခြင်း၏ ရလဒ်ဖြစ်သည်။ အသင်းတော်၏ ပါဝင်သော အရာမှာ ကျွန်ုပ်တို့ပုဂ္ဂိုလ်တော်အဖြစ် ယူဆောင်သော ခရစ်တော်၊ ကျွန်ုပ်တို့၏ ဖြစ်ခြင်းအထဲသို့ရေးထွင်းထား သော ခရစ်တော် ဖြစ်သည် – အငယ်၊ ၁၇က၊ ၄း၁၆။

## အကြောင်းအရာ။ ။ဘုရားသခင်၏စီမံကိန်း၌ ခရစ်တော်နှင့် ကားတိုင်၏အလယ်ဗဟိုဖြစ်ခြင်း

ဝေငှချက်လေး

### ကားတိုင်၏အလယ်ဗဟိုဖြစ်ခြင်း

ဖတ်ရန်ကျမ်း။ ။ ယေဇ၊ ၄၀း၄၇။ ၄၃း၁၃–၂၇။ ဗျာ၊ ၅း၆။ ၂၁း၂၂–၂၃။ ဟေဗြဲ၊ ၂း၁၄။ ကော၊ ၂း၁၅။ ရော၊ ၈း၃။ ယော ၁၂း၃၁–၃၂။ ဂလ၊ ၅း၂၄။ ရော၊ ၆း၆။ ဂလ၊ ၂း၂၀။ ကော၊ ၁း၂၀။ ယော၊ ၁း၁၄။ ရော၊ ၈း၂၁။ ၁၁း၁၇–၂၄။ ၂ပေ၊ ၃း၁၂–၁၃။ ယော ၁၉း၃၄၊ ၃၆။ ၁၂း၂၄။ ရော၊ ၆း၆၊ ၁၁။ ရော၊ ၈း၁၃

**I. ယေဇကျေလကျမ်း၌ ယဇ်ပလ္လင်သည် ဘုရားသခင်၏တည်ဆောက်ခြင်း အဝန်းအဝိုင်း တစ်ခုလုံး၏အလယ်ဗဟို ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင် တည်ဆောက်ခြင်း၏ အလယ်ဗဟိုဖြစ်သော ယဇ်ပလ္လင်တော်သို့ ရောက်ရှိလာကြသောအခါ၊ ကျွန်ုပ်တို့သည် တစ်ဦးချင်းဆိုင်ရာ ကားတိုင်ကို တွေ့ကြုံခံစားရကြသည်–၄၀း၄၇။ ၄၃း၁၃–၂၇။**

**II. ကားတိုင်အားဖြင့် ပုံဆောင်ထားသော ယဇ်ပလ္လင်သည် အမှန်စင်စစ် စကြဝဠာ၏အလယ်ဗဟို ဖြစ်သည်။**

**III. ဘုရားသခင်၏အကြံအစည်တော်၌ ခရစ်တော်မှအပ၊ ကားတိုင်ထက် မြင့်မားသောနေရာ မရှိတော့ပါ။**

က။ ခရစ်တော်သည် ဘုရားသခင့် ရည်ရွယ်ချက်၏ အလယ်ဗဟိုဖြစ်ပြီ၊ ကားတိုင်သည် ဘုရားသခင် လုပ်ဆောင်ခြင်း၏ အလယ်ဗဟို ဖြစ်သည်။

ခ။ ဘုရားသခင်သည် သူ၏ အကြံအစည်တော်၌ရှိသော ခပ်သိမ်းသောအရာတို့ကို ခရစ်တော်၌ လုပ်ဆောင်ရန် ဆုံးဖြတ်ချက်ရှိပြီ၊ သူ၏ အကြံအစည်တော်၌ရှိသော ခပ်သိမ်းသောအရာတို့ကို ကားတိုင်အားဖြင့် လုပ်ဆောင်ရန် ဆုံးဖြတ်ချက် ရှိသည်။

**IV. ကားတိုင်သည် နောက်မှဖြစ်ပေါ်လာသော အကြံအစည်တစ်ခု မဟုတ်ဘဲ၊ ဘုရားသခင်၏ထာဝရ အကြံအစည်တော်၏ အစိတ်အပိုင်း ဖြစ်သည်။**

က။ ကားတိုင်သည် ထာဝရ အတိတ်ကာလမှ ဖြစ်ပေါ်ခဲ့၍၊ ထာဝရ အနာဂတ်ကာလတိုင် ဆက်လက်၍တည်မြဲနေမည် ဖြစ်သည် –ဗျာ၊ ၅း၆။ ၁၃း၈။ ၂၂း၁။

ခ။ ထာဝရ အနာဂတ်ကာလ၌ ဘုရားသခင်သည် အသေသတ်ခြင်းခံခဲ့သော သိုးသငယ်၌ အသက်၏ အလင်းနှင့် အရာခပ်သိမ်း အဖြစ် ကျွန်ုပ်တို့နှင့်အတူ တည်ရလိမ့်မည် –၂၁း၂၂–၂၃။

**V. ကားတိုင်၏အနုတ်လက္ခဏာနှင့် အပေါင်းလက္ခဏာဆောင်သော လုပ်ဆောင်ခြင်း။**

က။ အနုတ်လက္ခဏာဆောင်သော ကားတိုင်၏လုပ်ဆောင်ခြင်း – အဆုံးသတ်ခြင်း သွင်ပြင်။

၁။ စာတန်ကို အဆုံးသတ်ခြင်း – ဟေဗြဲ၊ ၂း၁၄။

၂။ မှောင်မိုက်၏အခွင့်အာဏာကို အဆုံးသတ်ခြင်း – ကော၊ ၂း၁၅။

၃။ အပြစ်ကို အဆုံးသတ်ခြင်း – ရော၊ ၈း၃။

၄။ လောကကို အဆုံးသတ်ခြင်း – ယော၊ ၁၂း၃၁–၃၂။

၅။ အသွေးအသား၏ချစ်ခင်ခြင်းများနှင့် တပ်မက်ခြင်းများကို အဆုံးသတ်ခြင်း – ဂလ၊ ၅း၂၄။

၆။ လူဟောင်းကို အဆုံးသတ်ခြင်း – ရော၊ ၆း၆။

၇။ “ ငါ ” ကို အဆုံးသတ်ခြင်း – ဂလ၊ ၂း၂၀။

၈။ ခပ်သိမ်းသောအရာတို့ကို အဆုံးသတ်ခြင်း – ကော၊ ၁း၂၀။ ဟေဗြဲ၊ ၂း၉။

ခ။ အနုတ်လက္ခဏာဆောင်သော ကားတိုင်၏လုပ်ဆောင်ခြင်း – ရွေးနုတ်ခြင်း သွင်ပြင်။

၁။ ခရစ်တော်သည် ခပ်သိမ်းသောအရာတို့ကို ရွေးနုတ်ရန်အလို့ငှာ၊ ခပ်သိမ်းသောအရာတို့နှင့် ဆက်နွယ်လျက်ရှိခြင်း– ယော၊ ၁း၁၄။ ညွှန်း၊ က၊ ၇း၁–၄၊ ၁၄–၁၆၊ ၂၁–၂၄။ ၈း၁၆–၁၉။

၂။ ရွေးနုတ်ခံသော ဖန်ဆင်းခြင်းတစ်ခုလုံးသည် ဖောက်ပြန်ပျက်စီးခြင်း၏ကျွန်အဖြစ်မှ လွတ်မြောက်ခြင်းခံရရန် အသစ်ပြုပြင်ခြင်းအတွက် မျှော်လင့်လျက်ရှိကြ၏ – ရော၊ ၈း၂၁။ တ၊ ၃း၂၁။

၃။ ခရစ်တော်၏ အသေခံသော ရွေးနုတ်ခြင်းက လူသည် ဘုရားဆိုင်ရာ သဘောသဘာဝနှင့်အတူ ဘုရားဆိုင်ရာ အသက်

ကို လက်ခံရန်နှင့် ထည့်ဝင်ရန်အလို့ငှာ လမ်းစဖွင့်ပေးခဲ့သည် – ရော၊ ၁၁း၁၇–၂၄။ ဧ၊ ၂၁–၂၄။

၄။ ခရစ်တော်၏ ရွေးနုတ်ခြင်းသည် ရွေးနုတ်ခံသော အရာအားလုံးကို အသစ်ပြုပြင်ခြင်းနှင့် သူတို့အား အသစ်ဖြစ်စေခြင်း – ၂ပေ၊ ၃း၁၂–၁၃။ ဗျာ၊ ၂၁း၁။ ရော၊ ဂး၂၁။

ဂ။ အပေါင်းလက္ခဏာဆောင်သော ကားတိုင်၏ လုပ်ဆောင်ခြင်းမှာ ဘုရားသခင်၏ ထာဝရအသက်ကို လွတ်မြောက်စေရန်နှင့် ကိုယ်တော်၏ ထာဝရ ရည်ရွယ်ချက်ကို ပြီးမြောက်ပြည့်စုံစေခြင်းအတွက် ထိုအသက်ကို လူအထဲ၌ ထုတ်လွှင့်ရန် ဖြစ်သည်။

၁။ လုံဖြင့် ထိုးဖောက်သော သခင်ဘုရား၏ နံဘေးတော်မှ စီးထွက်လာသော ရေသည် အသက်ကို ထည့်သွင်းပေးခြင်း၊ သေခြင်းနှင့် ဆက်ဆံဖြေရှင်းခြင်းနှင့် အသင်းတော်ကို ထုတ်လုပ်ခြင်းအတွက် ဖြစ်သည် – ယော၊ ၁၉း၃၄။ ၃း၁၄–၁၅။ ဧ၊ ၅း၂၉–၃၀။

၂။ ဂျုံစပါးမျိုးစေ့တည်းဟူသော သခင်ယေရှုသည် အသင်းတော်အဖို့ မြောက်များစွာသော ဂျုံစပါးမျိုးစေ့များကို ထုတ်လုပ်ပေးရန် မြေ၌ကျ၍၊ အသေခံခဲ့သည် – ယော၊ ၁၂း၂၄။

၃။ အရှိုးသည် သခင်ဘုရား ရှင်ပြန်ထမြောက်ခြင်း အသက်၏ သင်္ကေတဖြစ်၍၊ ၎င်းကို မည်သည့်အရာအားဖြင့်မျှ ချိုးဖျက်၍ မရနိုင်ပါ – ၁၉း၃၆။

## VI. ခရစ်တော်၏ လက်ဝါးကပ်တိုင်သည် ပြီးမြောက်ပြည့်စုံခဲ့သော အကြောင်းရင်းဖြစ်ကြောင်း သမ္မာကျမ်းစာက ဖော်ပြထားသည် – ရော၊ ၆း၆။

က။ ကျွန်ုပ်တို့သည် အကြောင်းရင်းကို မြင်ခြင်းနှင့် သိကျွမ်းခြင်းမှလွဲ၍ တစ်စုံတစ်ခုသောအရာ လုပ်ဆောင်ရန် မလိုအပ်ပါ။

ခ။ ကားတိုင်၏ အကြောင်းရင်း မြင်းတွေ့ခဲ့ခြင်းပေါ်၊ ကျွန်ုပ်တို့သည် သေပြီးဖြစ်ကြောင်း ဧကန်သိမှတ်ခြင်းဖြင့် ခရစ်တော်နှင့်အတူ လက်ဝါးကပ်တိုင်ပေါ် အသေခံခဲ့ပြီးဖြစ်ကြောင်း လက်ခံရမည် – ၆း၁၁။

ဂ။ ကားတိုင်ကို မြင်ခြင်း၊ လက်ခံခြင်းရှိပြီးနောက်၊ ကျွန်ုပ်တို့သည် ဝိညာဉ်တော်အားဖြင့် မိမိတို့၌ ကားတိုင်ကို ယူဆောင်လျှောက်လှမ်းရန် လိုအပ်သည် – ဂလ၊ ၅း၂၄။ ရော၊ ဂး၁၃။

## အကြောင်းအရာ။ ။ဘုရားသခင်၏စီမံကိန်း၌ ခရစ်တော်နှင့် ကားတိုင်၏ အလယ်ဗဟိုဖြစ်ခြင်း

ဝေငှချက်ငါး

### ကားတိုင်နှင့် ခရစ်တော်၏ကိုယ်ခန္ဓာတော်

ဖတ်ရန်ကျမ်း။ ။ ဖိလိ၊ ၃း၁၀။ ၂ကော၊ ၄း၁၀–၁၂။ ဧ၊ ၂း၁၅–၁၆။ ကော၊ ၃း၁၁။ ၁ကော၊ ၁း၁၈။ ၁၂း၁၂–၁၃၊ ၂၇။ ဂလ၊ ၅း၂၄။ ရော၊ ၆း၆။ ၈း၁၃။ ၁၂း၄–၈။ ၂ကော၊ ၁၀း၁၃–၁၅

**I. ခရစ်တော်၌ရှိသော အတွေ့အကြုံနှင့် ကိုယ်တော်၏ကားတိုင်ကို တွေ့ကြုံခြင်းရှိသော အတွေ့အကြုံများသာလျှင်၊ ဝိညာဉ်ရေးရာရှိခြင်းနှင့် ထာဝရ အဖိုးထိုက်ခြင်းအဖြစ် စဉ်းစားနိုင်သည်။**

**II. ကားတိုင်သည် ကျွန်ုပ်တို့ထံသို့ ခရစ်တော်ကို ခေါ်ဆောင်လာပြီး၊ ခရစ်တော်သည် ကားတိုင်ဆီသို့ ကျွန်ုပ်တို့ကို ခေါ်ဆောင်သွားခြင်း။**

က။ ခရစ်တော်သည် ကားတိုင်အားဖြင့် ကျွန်ုပ်တို့အထဲသို့ ဝင်ရောက်လာ၍၊ ကျွန်ုပ်တို့၌ အခြေတည်ရာကို ရရှိပြီး၊ ကားတိုင်အားဖြင့် ကျွန်ုပ်တို့၏ အလုံးစုံဖြစ်လာခဲ့သည်။

ခ။ ကျွန်ုပ်တို့သည် ကိုယ်တော်၏အသက်၌ ခရစ်တော်၏ ပြည့်ဝပြည့်စုံခြင်း ပမာဏအရပ်တည်းဟူသော ကြီးရင့်သောလူအဖြစ်သို့ ကြီးထွားနိုင်မည့်အကြောင်း၊ ကိုယ်တော်သည် ကားတိုင်မှတဆင့် ကျွန်ုပ်တို့၏ အရာခပ်သိမ်းဖြစ်လာခဲ့သည်– ဧ၊ ၄း၁၃။

ဂ။ ကျွန်ုပ်တို့၌ရှိသော ခရစ်တော်၏ပမာဏသည် ကားတိုင်၏ သေခြင်းကို ကျွန်ုပ်တို့ မည်သည့်ပမာဏထိ တွေ့ကြုံခဲ့ခြင်းအပေါ် မူတည်သည်။

ဃ။ ခရစ်တော်ကို သိကျွမ်းခြင်းသည် သူ၏ အသေခံခြင်းကို အတည်ပြုခြင်းနှင့် ဆက်နွယ်ပြီး၊ ကိုယ်တော်၏ အသေခံခြင်းပုံသဏ္ဍာန်ပေါ် လာခြင်းက ခရစ်တော်ကို သိကျွမ်းခြင်းသို့ လိုက်သည် – ဖိလိ၊ ၃း၁၀။

င။ ခရစ်တော်၏ အသက်၌ သေခြင်း၏သဘောသဘာဝနှင့် သေသတ်သောတန်ခိုးရှိသည် – ၂ကော၊ ၄း၁၀–၁၂။ ရော၊ ၈း၁၃။

စ။ ခရစ်တော်၏ ရှင်ပြန်ထမြောက်သော တန်ခိုးတော်သည် ကျွန်ုပ်တို့အား ကိုယ်တော်၏ အသေခံခြင်းသို့ သဏ္ဍာန်တူညီလာစေသည် – ဖိလိ၊ ၃း၁၀။

**III. အသင်းတော်သည် ခရစ်တော်၏ အတွင်းမှ ကားတိုင်အားဖြင့် ထုတ်လုပ်ခဲ့ခြင်း။**

က။ လက်ဝါးကပ်တိုင်ပေါ်၌ ခရစ်တော်သည် အသင်းတော်ကို ထုတ်လုပ်ရန်အလို့ငှာ သူ၏ ရှင်ပြန်ထမြောက်ခြင်း အသက်ကို လွှတ်မြောက်စေခဲ့သည်။ ရလဒ်မှာ အသင်းတော်သည် ခရစ်တော်နှင့်အတူ တစ်ခုတည်းသော အသက်ကို မျှဝေခဲ့ပြီ၊ ယင်းအသက်သည် ခရစ်တော်၏ အစိတ်အပိုင်း ဖြစ်သည် – ယော၊ ၁၉း၃၄–၃၆။

ခ။ အသင်းတော်ကို ထုတ်လုပ်သော အသက်သည် ကားတိုင်အားဖြင့် လွှတ်မြောက်ခဲ့ခြင်း – ညွန်း၊ မဿ၊ ၁၆း၁၅–၁၈၊ ၂၁၊ ၂၄–၂၆။

ဂ။ " ကိုယ်တော်ကိုယ်တိုင်၌ထိုလူနှစ်စုတို့ကို လူသစ်တစ်ဦးတည်းအထဲသို့ ဖန်ဆင်းတော်မူ၍၊ ရန်ငြိမ်းစေပြီးလျှင်၊ လက်ဝါးကပ်တိုင်တော်အားဖြင့် ရန်ကိုသတ်ဖြတ်လျက်၊ လူနှစ်စုတို့ကို ကိုယ်ခန္ဓာတော်တစ်ကိုယ်တည်း၌ ဘုရားသခင်ထံသို့ သင့်မြတ်စေ၏။ "– ဧ၊ ၂း၁၅–၁၆။

ဃ။ ကော၊ ၃း၁၁က လူသစ်ဖြစ်သော ခရစ်တော်၏ကိုယ်ခန္ဓာတော်၌၊ " ဂရိလူမျိုးနှင့် ဂျူးလူမျိုး၊ အရေဖျားလှီးခံသူနှင့် မခံသူ၊ လူရိုင်း၊ သကုသိလူ၊ ကျွန်၊ လူလွတ်မရှိနိုင်။ သို့သော် ခရစ်တော်သည် အလုံးစုံတို့၌ အလုံးစုံဖြစ်တော်မူ၏။ "ဟု ဆိုထားသည်။

**IV. ကားတိုင်သည် ကျွန်ုပ်တို့အား ခရစ်တော်၏ကိုယ်ခန္ဓာတော်ထံသို့ ဦးဆောင်ပေးသည် – ၁ကော၊ ၁း၁၈။ ၁၂း၁၂–၁၃၊ ၂၇။**

က။ ကားတိုင်သည် ကိုယ်ခန္ဓာတော်၏ နယ်ပယ်အဝန်းအဝိုင်း၌ လှုပ်ရှားလုပ်ဆောင်နေသည် – ရော၊ ၆း၆။ ၈း၁၃။ ၁၂း၄–၅။

၁။ ကားတိုင်၏ အလုပ်သည် ခရစ်တော် ကိုယ်ခန္ဓာနှင့်အတူ လှုပ်ရှားလုပ်ဆောင်ပြီး၊ ခရစ်တော် ကိုယ်ခန္ဓာတော်နှင့်အတူ

ပြီးမြောက်ပြည့်စုံခြင်း – ၁ကော၊ ၁း၁၀၊ ၂၃။ ၂း၁–၂။ ၁၂း၄–၅။

၂။ ကားတိုင်၏ အလုပ်သည် ကျွန်ုပ်တို့အား ကိုယ်ခန္ဓာတော်အထဲသို့ ခေါ် ဆောင်ရုံမျှသာမက၊ ကိုယ်ခန္ဓာတော်သည်လည်း ကားတိုင်၏ လုပ်ဆောင်ခြင်းများရှိသည့် နယ်ပယ်အဝန်းအဝိုင်း ဖြစ်လာခြင်း – ကော၊ ၁း ၂၀။ ၃း၁၅။

ခ။ ခရစ်တော်၏ ကိုယ်ခန္ဓာတော်၌ ကျွန်ုပ်တို့သည် ကားတိုင်အသက်တာမရှိဘဲ၊ ရှေ့ဆက်၍ မရနိုင်ပါ – ဧ၊ ၂း၁၆။

၁။ ကားတိုင်သည် ကျွန်ုပ်တို့၏ ဇာတိ အသက်၊ ကျွန်ုပ်တို့၏ ကိုယ်ပိုင် လုပ်ဆောင်ချက်များနှင့် အချိုးမကျသော ကြီးထွားခြင်းများကို တူးဖော်ဖယ်ရှားပေးလိမ့်မည် ဖြစ်သည် – မဿ၊ ၁၆း ၂၄–၂၆။

၂။ ကိုယ်ခန္ဓာတော်၌ရှိသော အသက်နှင့် အလုပ်သည် အသွေးအသားနှင့် ပြင်းထန်သော ဆက်ဆံဖြေရှင်းခြင်းများရှိရန် လိုအပ်လျက်ရှိသည်၊ ထိုဆက်ဆံဖြေရှင်းခြင်းများက ခရစ်တော် ကားတိုင်၏ နက်နဲသော အသိရှိရန် လိုသည် – ဂလ၊ ၅း ၂၄။

၃။ ကိုယ်ခန္ဓာတော်၏ ကန့်သတ်ခြင်းသည် ကျွန်ုပ်တို့၏ လွတ်လပ်ခြင်းကို ချွတ်ခွာပေးပြီ၊ ကျွန်ုပ်တို့အား ကားတိုင် အသက်တာသို့ သွင်းပို့မည် ဖြစ်သည် – ရော၊ ၁၂း၃။ ၂ကော၊ ၁၀း၁၃–၁၅။ ဧ၊ ၄း၇၊ ၁၆။

၄။ ကျွန်ုပ်တို့နှင့် ဘုရားသခင်၏ ဆက်ဆံဖြေရှင်းခြင်း အားလုံးမှာ ကိုယ်ခန္ဓာတော်အတွက် ကျွန်ုပ်တို့ကို ပြင်ဆင်ရန် အမြင်ရှုထောင့်နှင့်အတူ ဖြစ်သည်။ ကျွန်ုပ်တို့၌ရှိသော ကိုယ်တော်၏ အလုပ်အားလုံးတို့သည် သုတ်သင်ဖယ်ရှင်းခြင်း ဖြစ်စဉ် ဖြစ်သည်၊ သို့မှသာ ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာတော်၏ လှုပ်ရှားလုပ်ဆောင်သော အင်္ဂါဝင်များ ဖြစ်လာနိုင်မည် ဖြစ်သည် – ရော၊ ၆း၆။ ၈း၁၃။ ၁၂း၄–၈။

၅။ ကျွန်ုပ်တို့၏ ဇာတိအသက်သည် ကားတိုင်အားဖြင့် ဆက်ဆံဖြေရှင်းခြင်း၊ ကျွန်ုပ်တို့သည် ခရစ်တော်၏ ဦးခေါင်း အရိုက်အရာကို ဝန်ခံခြင်းနှင့် ကိုယ်ခန္ဓာတော် အသက်တာကို အသက်ရှင်ခြင်းရှိမည်ဆိုလျှင်၊ ကျွန်ုပ်တို့သည် ဝိညာဉ်တော်၏ ဘိသိက်ပေးခြင်းနှင့် ကိုယ်ခန္ဓာတော်၏ မိတ်သဟာယကို မွေ့လျော်ဝမ်းမြောက်ခြင်း ရှိလာလိမ့်မည် ဖြစ်သည် – ကော၊ ၁း၁၈။ ၁ကော၊ ၁၀း၁၆။